**Myanmar Technologies And Investment Corporation Limited (MTI)**

**အထူးအထွေထွေအစည်းအဝေး (Extraordinary General Meeting)**

**အစည်းအဝေး မှတ်တမ်း**

**အခမ်းအနားအစီအစဉ်**

၁။ အထူးအစည်းအဝေးအခမ်းအနားဖွင့်လှစ်ကြောင်းကြေငြာခြင်း။

၂။ ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌ ဦးထင်အောင်နိုင် မှ အဖွင့်အမှာစကားပြောကြားခြင်း။

၃။ ဒါရိုက်တာအဖွဲ့ဝင် ဦးအောင်စိုးသာမှ

(က) MTI သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့ စည်းမျဉ်းများတွင် ပြင်ဆင်ဖြည့်စွက်လိုသည်များကို ဆွေးနွေး အတည်ပြုခြင်း။

(ခ) MTI ၏ အနာဂတ်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ဆွေးနွေးခြင်း။

(ရှယ်ယာရှင်များ အပြန်အလှန်ဆွေးနွေးပေးပါရန်။)

၄။ အထူးအစည်းအဝေးပြီးဆုံးကြောင်းကြေငြာခြင်း နှင့် တက်ရောက်လာသူများအားအကျွေးအမွေးဖြင့် ဧည့်ခံခြင်း။

မြန်မာနည်းပညာနှင့်ရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်းလီမိတက်၏ အထူးအစည်းအဝေး(Extraordinary General Meeting) ကို အောက်ပါအစီအစဉ်အတိုင်းကျင်းပခဲ့ပါသည်။

နေ့ရက် ။ ။ ၂၀၁၅ခုနှစ် စက်တင်ဘာလ (၁၅) ရက် (အင်္ဂါနေ့)

အချိန် ။ ။ နံနက် (၉:၀၀) နာရီ မှ မွန်းတည့် (၁၂:၀၀) ထိ

နေရာ ။ ။ Conference Hall ၊ MICT Park ၊ လှိုင်မြို့နယ်။

အစည်းအဝေးသို့ ပူးတွဲပါပုဂ္ဂိုလ်များ တက်ရောက်ကြပါသည်။ အစည်းအဝေးတွင် သဘာပတိအဖြစ် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးထင်အောင်နိုင်မှ ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဒေါ်ယုယုနိုင်မှ ဆောင်ရွက်ပါသည်။

**အစီအစဉ် (၁) အရ** - အခမ်းအနားစတင် ဖွင့်လှစ်ကြောင်း အခမ်းအနားမှူး ဒေါ်ယုယုနိုင်မှ ကြေညာပါသည်။

**အစီအစဉ် (၂) အရ** - ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးထင်အောင်နိုင်မှ အဖွင့်အမှာစကား ပြောကြားရာတွင်၊

"အားလုံးပဲ မင်္ဂလာနံနက်ခင်း ပါခင်ဗျာ။ ကြွရောက်လာကြသော ဂုဏ်သရေရှိ MTI အများပိုင် ကုမ္ပဏီ၏ကနဦးတည်ထောင်သူလူကြီးမင်းများ၊ Win Thin & Associate မှ ဆရာကြီး ဦးဝင်းသင် နှင့် တကွသော အဖွဲ့ဝင်များအားလုံး ကို ကျွန်တော့်အနေနဲ့ ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သ အပ်ပါတယ် ခင်ဗျာ။

ကျွန်တော်များ MTI ရဲ့ ယခုအထူးအစည်းအဝေးကျင်းပရခြင်းရဲ့ အဓိကအကြောင်းအရင်း (၂) ရပ်ရှိပါတယ်။ ပထမ အချက်ကတော့ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများတွင် ပြင်ဆင်ဖြည့်စွက် လိုသည်များအား ဆွေးနွေးအတည်ပြုခြင်း၊ နောက် ဒုတိယအချက်ကတော့ မိမိတို့ MTI ရဲ့အနာဂတ် လုပ်ငန်းစဉ်များ နဲ့ ပတ်သက် ပြီး ရင်းနှီးမြှုပ်နှံမှု ကိစ္စရပ်များအားဆွေးနွေးခြင်းပဲဖြစ်ပါတယ်။

MTI သည် မူလတည်ထောင်စဉ်အချိန်က ချမှတ်ထားခဲ့သည့် ရည်မှန်းချက်များ အတိုင်း Founding Member ကုမ္ပဏီများအနေဖြင့်တစ်ဦးတစ်ယောက်တည်း လုပ်ကိုင်ရန်ခက်ခဲသော လုပ်ငန်းကြီးများကို MTI အနေဖြင့် အဓိက Focus ပြုလုပ်ပြီးကြိုးစားလုပ်ဆောင်ရန် ရည်ရွယ်ထားပြီး ဖြစ်ပါတယ်။ ၎င်းရည်မှန်းချက်များ ထဲမှ Telecom Operator လုပ်ငန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်တယ်ဆိုတာ အားလုံးပဲ သိရှိပြီးဖြစ် ပါတယ်။

ယခုအခါမှာ မိမိတို့ MTI ကုမ္ပဏီသည် နိုင်ငံတော်အစိုးရမှ ခေါ်ယူသော စတုတ္ထမြောက် ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းလိုင်စင်အား ရယူသုံးစွဲနိုင်မည့် အထူးလုပ်ငန်းကုမ္ပဏီဖွဲ့စည်းရေး တွင်ပါဝင်ရန်အဆိုပြုလွှာ တင်သွင်းထားပြီးဖြစ်ပါတယ်။ ယင်းလုပ်ငန်းကုမ္ပဏီတွင် ပါဝင်ခွင့်ရရှိပါက အနည်းဆုံးမြန်မာကျပ်ငွေ (၃) ဘီလီယံ စတင်ထည့်ဝင်ရမှာ ဖြစ်ပြီး လုပ်ငန်းလည်ပတ်မည့်အချိန်တွင်လည်း အခြားသော ဖက်စပ်ပူးပေါင်း ပါဝင်မဲ့ ကုမ္ပဏီများနည်းတူ အချိုးကျထည့်ဝင်သွားရမှာပဲ ဖြစ်ပါတယ်။ ဒီအပြင် စတုတ္ထမြောက် Operator လုပ်ငန်းအပြင် သီလဝါ SEZ ရဲ့ Residential and Commercial Area မှာ ICT နှင့်ပတ်သက်သော လုပ်ငန်းရပ်များ လုပ်ကိုင်ရန်အတွက်လည်း ငွေကြေးများလိုအပ်မှာဖြစ်တဲ့အတွက်ကြောင့် မိမိတို့ BOD များမှ ရှေ့လုပ်ကိုင်ရန်ရှိသည့် လုပ်ငန်းရပ်များအတွက် (၅) ဘီလီယံ ကျပ် ရယူဟာတိုးမြှင့်ဖို့ ဆွေးနွေးဆုံးဖြတ်ခဲ့ကြတာပဲဖြစ်ပါတယ်။ လက်ရှိ Share Valuation နှင့် အခြားလိုအပ်ချက်များကိုလည်း နောက် အစီအစဉ်တွင် ဦးအောင်စိုးသာမှ အသေးစိတ် ဆွေးနွေးတင်ပြသွားမှာပဲဖြစ်ပါတယ်။

ယခုထပ်မံ တိုးမြှင့်ရန်လိုအပ်သော Capital Call (၅) ဘီလီယံကျပ် ကို ပထမဦးစားပေးအနေနဲ့ ယခုကြွရောက်လာကြသော ကနဦးတည်ထောင် လူကြီးမင်းများအားလုံး ဝယ်ယူနိုင်ရန်အတွက် ဦးစားပေး စီစဉ်ပေးမှာဖြစ်ပါတယ်၊ လိုအပ်ပါက လည်း အပြင်သို့ ထုတ်၍ ရောင်းချနိုင်ရန်အတွက် နည်းလမ်းများလည်း ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားရင်း နိဂုံးချုပ် အပ်ပါသည်။ ကြွရောက်လာသူများအားလုံး ကိုယ် စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်ခင်ဗျာ။" ဟုပြောကြား သွားခဲ့ပါသည်။

**အစီအစဉ် (၃) အရ** - ဒါရိုက်တာအဖွဲ့ဝင် ဦးအောင်စိုးသာမှ မိမိတို့ MTI မှာ ယခုအချိန်တွင် Limited and Closed Group အနေပဲရှိသေးကြောင်း၊ Capital Investment မများသေးပေမဲ့လည်း တစ်ဦးနဲ့ တစ်ဦး ညီညီညွတ်ညွတ် ရှိနေကြဖို့အတွက် ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြစေလိုကြောင်း၊ ယနေ့အချိန်တွင် နိုင်ငံတကာ ကလည်း ဝင်ရောက်လာနေကြပြီဖြစ်ပြီး၊ မိမိတို့ မှာ Public Company အနေနှင့် ဖွဲ့စည်းထားတာဖြစ်တာကြောင့် အခြားသော ကုမ္ပဏီကြီးများနှင့် ပြိုင်ဆိုင်ရန် ရည်ရွယ်လုပ်ဆောင်ကြရ မှာဖြစ်ကြောင်း၊ မိမိတို့ MTI အားနည်းမျိုးစုံဖြင့် အင်အားကြီးမားအောင် ကြိုးစားကြရမှာဖြစ်ကြောင်း၊ ဒါကြောင့် ယခုအစည်းအဝေးတွင် အားလုံးပဲ ဝင်ရောက်ဆွေးနွေးပေးကြစေလိုကြောင်း ပဏာမပြောကြား ခဲ့ပါသည်။

ပထမအချက်အနေနဲ့ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများတွင် ပြင်ဆင်ဖြည့်စွက်လိုသည်များကိုစွ ဆွေးနွေးရမယ်ဆိုရင် မိမိတို့ MTI ရဲ့ သင်းဖွဲ့မှတ်တမ်း စာအုပ်တွင်ပါရှိသော မူလလုပ်ငန်းရည်ရွယ်ချက်များ အတိုင်းဆိုလျှင် ဆက်သွယ်ရေးနှင့်ပတ်သက်သော လုပ်ငန်းရပ်များလုပ်ဆောင်ရန် မပါဝင်ကြောင်း၊ သို့ပါ၍ MTI မှ ဆက်လက်လုပ်ဆောင်မည့် ICT လုပ်ငန်းရပ်များ လုပ်ကိုင်နိုင်ရန်အတွက် လိုင်စင်များ လျှောက်ထား ရာတွင် သင်းဖွဲ့မှတ်တမ်းစာအုပ်၌ ထပ်တိုးလုပ်ငန်းရပ်များ ဖြည့်စွက်ရန်လိုအပ်ပါကြောင်း၊ ထိုသို့ပြင်ဆင်ရာတွင် Public Company တစ်ခုအနေဖြင့် နောက်ပိုင်းတွင် လုပ်ငန်းအားလုံးလုပ်ကိုင်နိုင်ရန်အတွက် ထပ်တိုး လုပ်ငန်း စုစုပေါင်း (၅၃) မျိုး ထည့်သွင်း၍ပြင်ဆင်ထားပါကြောင်း၊ Projector ဖြင့် ထပ်တိုးဖြည့်စွက်ပြင်ဆင် ထားသည့်လုပ်ငန်းရပ်များအားပြသခဲ့ပြီး၊ ၎င်းအချက်အား ကန့်ကွက်မည့် သူမရှိပါက ရှေ့ဆက်ဆွေးနွေး လိုပါကြောင်းပြောကြားခဲ့ပါသည်။

နောက်တချက်အနေဖြင့် သင်းဖွဲ့စည်းမှတ်တမ်းစာအုပ်၏ အပိုဒ်ခွဲ (၇၆) တွင်ဖေါ်ပြထားသော "ဒါရိုက်တာ တစ်ဦးသည် အစုရှယ်ယာအနည်းဆုံး (၂၀၀၀) စုကိုပိုင်ဆိုင်ရမည်ဖြစ်ပြီးမြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ (၈၅) ပါပြဋ္ဌာန်းချက်များကိုလည်းလိုက်နာရန်တာဝန်ရှိသည်။" ဆိုသည့်အချက်အား ဆွေးနွေးရာတွင်၊ ပြီးခဲ့သော AGM တွင်ပြင်ဆင်ရန်ကြိုးစားခဲ့ပါကြောင်း၊ မိမိတို့ MTI စတင်တည်ထောင်စဉ် ကာလ က Share Categories (၂) မျိုးရှိခဲ့ကြောင်း၊ အစုရှယ်ယာ (၁၀၀၀) စု ဝယ်ယူထားသူများနှင့် အစုရှယ်ယာ (၂၀၀၀) စု ဝယ်ယူထားကြသူများဖြစ်ကြောင်း၊ ဤအချိန်တုန်းက ရည်ရွယ်ချက်မှာ Board Member (၁၅) ဦးထားရှိမှာဖြစ်ပြီး၊ (၉) ဦးမှာ အစုရှယ်ယာ (၂၀၀၀) စုဝယ်ယူထားသူများမှဖြစ်ပြီး ကျန်သော (၆) ဦးမှာ ကျန်ရှိသောသူများမှ ရွေးချယ်မည်ဟုသတ်မှတ်ခဲ့ပါကြောင်း၊ သို့သော်လည်းပဲ ၎င်းအချက်မှာ AOA ထဲကအချက်နှင့် မကိုက်ညီပဲ ပြင်ဆင်ရန်လိုအပ်နေသေးကြောင်း၊ ယခုအချိန်တွင် ၎င်းအချက်အား ဤကဲ့သို့ပဲ ဆက်လက်ထားရှိမလား၊ သို့မဟုတ် မိမိတို့ ကုမ္ပဏီမှာ Public Company ဖြစ်သည့်အတွက် နောင်တချိန် Listed ကုမ္ပဏီအဖြစ်ပြောင်းသည့်အခါ လိုအပ်ချက် လုပ်ထုံးလုပ်နည်း၊ ဒါရိုက်တာဖြစ်ခွင့်ကန့်သတ်ချက်၊ စသည့်အချက်များအား စဉ်းစားရမည်ဖြစ်ကြောင်း၊ မိမိတို့ အနေဖြင့် ICT အသိုင်းအဝန်းထဲမှပဲ ဦးဆောင်ပြီး လုပ်သည့်ကုမ္ပဏီဖြစ်သင့်သည်ဟုလည်းကောင်း၊ အစုရှယ်ယာ (၂၀၀၀) စု ပိုင်ဆိုင်သူကိုသာ ဒါရိုက်တာ ဖြစ်ခွင့်ရှိသည်ဟုလည်းကောင်း၊ စသဖြင့်ကန့်သတ်ထားခဲ့ပါကြောင်း၊ သို့ရာတွင် မိမိတို့ အနေဖြင့် Public Company အဖြစ်ရပ်တည်ပြီးအမှန်တကယ် Listed လုပ်တော့မည်ဆိုပါက၊ အပြင်လူကို ရှယ်ယာခေါ်သည့်

အခါ ထိုသူမှ ရှယ်ယာအရေအတွက် မည်မျှပိုင်ဆိုင်သည်ဖြစ်စေ၊ဒါရိုက်တာဖြစ်ခွင့် မရှိသလိုမျိုးဖြစ်နေကြောင်း၊ ထို့ကြောင့် ဒီကိစ္စကိုလည်း ဆွေးနွေးရန်လိုအပ်ကြောင်းနှင့် ဆရာကြီး ဦးဝင်းသင်မှ ဒီကိစ္စနှင့်ပတ်သက်ပြီး လိုအပ်ချက် များကို ရှင်းလင်းဆွေးနွေး ပေးမည်ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။

ဆရာကြီး ဦးဝင်းသင်မှ ပြောကြားရာတွင် အများပိုင်ကုမ္ပဏီအနေဖြင့်သွားမည်ဆိုပါက လက်ရှိတည် ထောင်သူများမှ သဘောထားကြီးရန် လိုအပ်ကြောင်း၊အများပြည်သူပါဝင်နိုင်အောင် Equal Right စဉ်းစား သင့်ကြောင်း၊ သို့မှသာ နောင်တချိန် Stock Exchange ပေါ်လာပါက Corporate Governance နှင့်ညီညွတ် မည်ဖြစ်ပြီး Company ၏ Image လဲ ကောင်းမှာဖြစ်ကြောင်း၊ နိုင်ငံတော်မှ ကုမ္ပဏီများ အားဖွဲ့စည်းစေရာတွင် အများစု ပါဝင်သော အဖွဲ့အစည်းများဖြစ်စေချင်ပြီး တစ်ဦးတစ်ယောက်ထဲမှ Monopolized လုပ်ထားသကဲ့ သို့ မဖြစ်စေလိုပါကြောင်း၊ ဒါကြောင့်လည်း သင်းဖွဲ့စည်းမျဉ်းအားပြင်ဆင်မည်ဆိုပါက ပထမဆွဲခဲ့သည့် စည်းမျဉ်း တွေက Within The Group ဖြစ်နေမယ်၊ Private ကုမ္ပဏီလိုမျိုးဖြစ်နေမယ်ဆိုရင်၊ အများပါဝင်နိုင်သည့် ပုံစံဖြစ်အောင်ပြောင်းသင့်ကြောင်း၊ အများဆိုတဲ့နေရာမှာ Shareholders တွေတင်မကပဲ Stakeholders များ အားလုံး၊ လက်ရှိ Shareholders များသာမကပဲ နောင်ဖြစ်ပေါ်လာမည့် Shareholders များ အားလုံးပါဝင် နိုင်ရန်ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားလုပ်ဆောင်စေလိုကြောင်း၊ ဆိုလိုတာက ရေရှည်အကျိုးကိုမျှော်ကိုးပြီး Future Sustainability ဖြစ်အောင်၊ အစဉ်သဖြင့်တည်တံ့နိုင်မြဲအောင်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ စသည်ဖြင့် ပြောကြားသွားခဲ့ပါသည်။

ဦးအောင်စိုးသာမှဆက်လက်ပြီး ယခင်MTI တည်ထောင်ခဲ့စဉ်က BOD (၁၅) ဦးထားရှိရန် ဆုံးဖြတ် ခဲ့ကြပြီး (၉) ဦးမှာ အစုရှယ်ယာ (၂၀၀၀) စု ပိုင်ဆိုင်သူများသာဖြစ်ခွင့်ရှိသည်ဟုပြောထားကြောင်း၊ ယခုအချိန်အထိလည်း ဤအတိုင်းပဲ သဘောထားလုပ်ဆောင်လျှက်ရှိကြောင်း၊ သို့ရာတွင် မိမိတို့ MTI အနေဖြင့် Public Company မှ နောက်တဆင့် Diawa ကဲ့သို့သော Listing လုပ်မည့် အဆင့်သို့ သွားမည်ဆိုပါက Share Raise လုပ်တဲ့အခါမှာ အပြင်လူများလည်းပါဝင်လာတော့မှာပဲဖြစ်ကြောင်း၊ ထိုသို့ပါ ဝင်လာ တဲ့အခါ List လုပ်မည့် Criteria များတွင် BOD ဖြစ်ခွင့်ကန့်သတ်ချက်များကြောင့် အားနည်းချက်ကိုဖြစ် စေမှာဖြစ်ကြောင်း၊ ဒါကြောင့် ယခုအချက်အား ပြင်သင့်၊ မပြင်သင့် စဉ်းစားပေးကြစေလိုကြောင်း၊ ပြောကြားခဲ့ ပါသည်။

ဦးဇော်မင်းဦးမှလည်း တက်ရောက်လာသူများအနေဖြင့် စဉ်းစားပေးရန်မှာ ဥက္ကဋ္ဌမှ အဖွင့်အမှာစကား တွင်ပြောကြားသွားခဲ့သည့်အတိုင်း ရှယ်ယာထပ်မံ ခေါ်ရန်ရှိကြောင်း၊ ဦးစွာ Founding Member များထဲမှ ခေါ်မည်ဖြစ်ပြီး သတ်မှတ်ပမာဏ မရရှိမှသာ အပြင်သို့ ခေါ်မှာပဲဖြစ်ကြောင်း၊ ထိုသို့အပြင်သို့ခေါ်သည့်အခါ အစု (၂၀၀၀) ကျော်(၄၀၀၀) ကျော်စသဖြင့် ဝယ်ယူလာကြမည်ဖြစ်ပြီး၊ ၎င်းမှာ Board အဖွဲ့သို့ဝင်ရောက်ရွေး ချယ်နိုင်ခွင့်ရှိလာမှာဖြစ်ကြောင်း၊နောင်တချိန်မှာ Board ထဲသို့ IT လောကမှ မဟုတ်သည့်သူများပါဝင်လာနိုင် ပြီး Listed လုပ်တဲ့အခါမှာတော့ ပိုမိုသင့်တော်သည့် သဘောဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ဦးမျိုးမြင့်ထွန်းမှ မိမိတို့ ICT Industry အပြင် အခြားသော ဆီ၊ ဆန် အစရှိသည့် Public Company Industry များလည်းရှိပြီး လုပ်ကိုင်ပုံ ကွာခြားချက်များနှင့်ပတ်သက်ပြီးလေ့လာသင့်ကြောင်းပြောကြားရာ

ဦးအောင်စိုးသာမှ အခြားသော Industry နှင့် မိမိတို့ IT Industry မှာတော်တော်ကြီးကွာခြားကြောင်း၊ ကျွန်တော်တို့ Industry က IT နဲ့ပတ်သက်တဲ့ Technical သမားအများစုထားတာဖြစ်ကြောင်း၊ ဆိုလိုသည်မှာ ခနအင်အား ကွာခြားတာကို ဆိုလိုကြောင်း၊ ဒါကြောင့် အပြင်ကသူများ မိမိတို့ ICT ထဲသို့ ဝင်လာပါက ဝါးမြိုသွားမည်ကို စိုးရိမ်ပြီး 9-2-4 အခြေအနေ ထားရှိခဲ့ပါကြောင်း၊ သို့သော်လည်း ဒီအတိုင်းထားပါက နောင်တဖန် ဝင်လာမည့်သူများတွက် Board Seat ဖွင့်ပေးမပေး စဉ်းစားရမည်ဖြစ်ကြောင်း၊ ကနဦးအစု (၂၀၀၀) စု ပိုင်ထားတဲ့ သူများကိုပဲ (၉) ဆိုတဲ့နေရာပေးမလား၊ Rights Issue ခေါ်ပြီးနောက်မှ (၂၀၀၀) စု ပိုင်ထားတဲ့သူများလည်းရှိကြောင်း၊ ၄င်းတို့မှာလည်း (၉) ထဲတွင် ဝင်ရောက်အကျိုးခံစားခွင့်မရှိ သလိုဖြစ်နေကြောင်း၊ ဒါကြောင့် မိမိတို့ အနေနဲ့ ဒီ (၉) နေရာကို လျော့ပေးလိုက်လျှင် နောက်ကို ဘာဖြစ်လာမလဲ စဉ်းစားရမည်ဖြစ်ကြောင်း၊ ကျွန်တော်တို့ BOD လုပ်နေတဲ့အချိန်မှာ အတတ်နိုင်ဆုံး ကြိုးစားနေတာကတော့ မိမိတို့ Share ကို အပြင်လူအနေနဲ့ဝယ်ယူချင်တဲ့အနေအထား ဖြစ်အောင် ကြိုးစားနေကြောင်း၊ တစ်ဘက်မှာလည်း IT ကသူများရဲ့ပိုင်ဆိုင်မှုတက်လာစေချင်ကြောင်း၊ ယခု အချိန်မှာ Share ထုတ်ရောင်းလျှင် ဝယ်ယူသူများရှိလာနေပြီဖြစ်ကြောင်း၊ ယခုအခါ Project များလည်း ရလာပြီဖြစ်သလို၊ ဒီ Project များအား ထပ်လုပ်မယ်ဆိုရင် ငွေ လဲလိုလာပြီဖြစ်ကြောင်း၊ နောက်ထပ်လည်း Share Raise လုပ်မည့် အကြောင်းပါ ဆွေးနွေးမည်ဖြစ်ကြောင်း ပြောကြားသွားခဲ့ပါသည်။

တက်ရောက်သူများမှ ဆွေးနွေးရာတွင် ဦးမောင်စိန်မှ 9-2-4 ကိစ္စမှာ မိမိသိထားသည်နှင့် ကွဲလွဲနေ၍ ဆွေးနွေးလိုကြောင်း၊ မိမိတို့ IT Industry မှသူများသည် အခြားအပြင် လုပ်ငန်းရှင်များ လောက် ခနအင်အားမများသော်လည်း မိမိတို့တွင်ပါဝင်သည့် သူများ၏ အရည်အချင်းကတော့ တန်ဘိုးမဖြတ်နိုင်ကြောင်း၊ ဒါကို မိမိတို့ Investment လုပ်ထားတာဖြစ်ကြောင်း၊ ဒါဟာ မိမိတို့ရဲ့ Value ဖြစ်ပြီး၊ ဒီ Value ကို မသတ်မှတ်ပဲ အခုအပြင်ကပိုက်ဆံရှိသူများကို မျှော်ကိုးနေမည်ဆိုပါက မိမိတို့သည် အမှန်အမှား ဖြစ်သွားနိုင်ကြောင်း၊ သဘောကတော့ မိမိတို့ စတင်တည်ထောင်ပေးလိုက်ခြင်းသည် သူများအတွက်လုပ်ပေးသလို ဖြစ်သွားမည်ဖြစ်ကြောင်း၊ အလုပ်တစ်ခု လုပ်တော့မည်ဆိုလျှင် မိမိတို့တွင် ရှိသော ငွေဖြင့် မလုပ်နိုင်သော်လည်း အဖွဲ့အစည်း၏ Network နှင့် Idea များဖြင့် မည်သို့ လုပ်မလဲဆိုတာသိခြင်းသည် တန်ဘိုးမဖြတ်နိုင်သည့်အရာဟု ထင်ကြောင်း၊ ကျွန်တော်ပြောချင်တဲ့ Key Point ကတော့ သီလဝါသည် ကောင်းမွန်သည့် Example ကောင်းတစ်ခုဖြစ်ပြီး၊ အဲဒီက Value သည် မိမိတို့ Value ပဲဖြစ်ကြောင်း၊ လုပ်ငန်းအသစ်တစ်ခု လုပ်တော့မယ်ဆိုပါက မိမိတို့အနေဖြင့် ဘယ်၍ဘယ်မျှ ပါသင့်သည် ဆိုတာ စဉ်းစားရမှာဖြစ်ကြောင်း၊ အခု မှားနေတဲ့အချက်မှာ မိမိတို့မှ လက်ဝါးကြီးအုပ်ချင်တဲ့ ရည်ရွယ်ချက်ဖြင့် မနိုင်ဘဲ ပဲကြီးလှော်စားသလိုဖြစ်နေကြောင်း၊ ပြီးခဲ့သည့် အကြိမ်တုန်းကလဲ Share Value မသတ်မှတ်ခဲ့ဘဲ Rights Issue ခေါ်ယူခဲ့သည့်ကိစ္စအား မိမိမှ လက်မခံကြောင်း၊ မှားနေတဲ့ကိစ္စကို ယနေ့လည်း ထပ်ပြီးမှားအုံးမည်ဟု မိမိထင်ပါကြောင်း၊ ဤအမှားအတိုင်းသာ ဆက်သွားနေမည်ဆိုပါက နောင်တွင် MICT Park ကဲ့သို့ဖြစ်သွားမည်ဖြစ်ကြောင်း၊ မှားတယ်ဆိုတာ Value မသတ်မှတ်ခဲ့လို့ဖြစ်ပြီး မှားနေတာကို သိလျှက်နှင့်ဆက်ပြီးလုပ်ခဲ့ရင် မိမိကတော့ ဒီအမှားအတွက်တရားခံမဖြစ်ချင်ပါကြောင်း ပြောကြားသွားခဲ့ပါသည်။

ဦးအောင်စိုးသာမှ ပြန်လည်ပြောကြားရာတွင် မိမိတို့အနေဖြင့် Rights Issue မခေါ်ခင်က ရှိခဲ့သည့် Capital မှာ ၁.၅ ဘီလီယံ သာဖြစ်ပြီး Public ကုမ္ပဏီတစ်ခုအနေဖြင့် ရပ်တည်ရန်မှာ မဖြစ်နိုင်ကြောင်း၊ ဒါကြောင့် အပြင်လူမခေါ်ခင်မှာ နောက်တစ်ကြိမ် Rights Issue ခေါ်ခဲ့တာဖြစ်ကြောင်း၊ Rights Issue မခေါ်ခင်တွင် "Win Thin & Associate" နှင့် Share Valuation တွက်ချက်ခဲ့ပါကြောင်း၊ မိမိတို့၏ မူလ ရှယ်ယာတန်ဘိုး ကျပ် ၁၀,၀၀၀/- မှ ကျပ် ၁၉,၀၀၀/- အထိ တိုးတက်လျှက်ရှိကြောင်း ကနဦးတည် ထောင်သူအားလုံးထံသို့ စာဖြင့်အကြောင်းကြားခဲ့ပြီး၊ မူလဈေးနှုန်းအတိုင်း ဝယ်ကြပါရန် တိုက်တွန်းခဲ့ ပါကြောင်း ပြောကြားခဲ့ပြီးနောက် MTI ကုမ္ပဏီ၏ သတ်မှတ်မတည်ငွေရင်း၊ လက်ရှိအချိန် ထည့်ဝင်ပြီးခဲ့သည့် Paid Up Capital နှင့် ရင်းနှီးမြှုပ်နှံထားပြီးသည့် လုပ်ငန်းအလိုက် ငွေကြေးပမာဏ စသည်တို့အား Power Point Slide များဖြင့် ရှင်းပြခဲ့ပါသည်။ သီလဝါ SEZ တွင် (၁.၉၅) ဘီလီယံ ရင်းနှီးမြှုပ်နှံခဲ့ရာ ယခုအချိန်တွင် ရှယ်ယာ (၄) ဆခန့်မြင့်တက်နေပြီဖြစ်ကြောင်း၊ တဖန် 4th Operator တွင် ပါဝင်ခွင့်ရရန် Proposal တင်ထားပြီးဖြစ်ပါကြောင်း၊ ၎င်းအပြင် MTSH နှင့် ICT လုပ်ငန်းများပူးပေါင်း လုပ်ကိုင်ရန် ဆွေးနွေး လျှက်ရှိပြီး ၎င်းလုပ်ငန်းများထဲတွင် မိမိတို့ MTI နှင့် ICT Industry အတွင်းရှိ ကုမ္ပဏီများအနေဖြင လုပ်ကိုင်နိုင်မည့် Fiber, Value Added, ISP, Data Center စသည့်လုပ်ငန်းများပါဝင်ကြောင်း၊ မိမိတို့ MTI သည် စတင်တည်ထောင်ခဲ့စဉ်ကတည်းက IT နဲ့ပက်သက်သည့် လုပ်ငန်းများ၌ အား ထည့်၍လုပ်ကိုင်ရန် စဉ်းစားခဲ့ပါကြောင်း၊ ယခုဆိုရင် 4th Opreator လုပ်ငန်းအားဝင်ရောက်လုပ်ကိုင်ရန် ရည်ရွယ်ထားပြီး ဖြစ်ကြောင်း၊ သို့ရာတွင် လက်ရှိငွေကြေး အခြေအနေနှင့် မလုံလောက်ပါကြောင်း၊ ယခုအချိန်အထိ မိမိတို့ MTI ၏ Capital မှာ သတ်မှတ်မတည်ရင်းနှီးငွေ၏ 0.3% သာ ရင်းနှီးမြှုပ်နှံမှုပြုထား ရသေးကြောင်း၊ ဒါကြောင့် မိမိတို့ရဲ့လက်ရှိ Share အား Revalue ပြုလုပ်ရမည်ဖြစ်ပြီး၊ Public သို့လည်း Share ခေါ်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ Founding Member များအားလုံးအားခေါ်ယူပြီး မိမိတို့ လက်လှမ်းမီသလောက် ကြိုးစားတွက်ချက်ထားသည်များကို ချပြပြီး ယခုတက်ရောက်လာသူများ အနေနဲ့လည်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြစေလိုကြောင်း၊ အဓိကအချက်ကတော့ Share ခေါ်ရန်လိုအပ်ပြီး လိုအပ်ရတဲ့အကြောင်း ရင်းကတော့ အထက်ကရှင်းပြခဲ့သည့် လုပ်ငန်း (၂) ခုလုပ်ရန်ဖြစ်ကြောင်း၊ လိုအပ်သည့် ပမာဏမှာ (၅) ဘီလီယံကျပ် ဖြစ်ပြီး၊ Share ခေါ်တော့မည်ဟု ဆုံးဖြတ်ပါက ကုမ္ပဏီ၏ Share မည်မျှ ထုတ်ရောင်းမည်၊ ယခုလက်ရှိ Share ပိုင်ဆိုင်သူများအနေဖြင့် မည်ကဲ့သို့ ဖြစ်သွားနိုင်မည်၊ စသည်တို့အားစဉ်းစားရမည် ဖြစ်ကြောင်း၊ အပြင်လူများပါဝင်လာပါက ဒါရိုက်တာဖြစ်ခွင့် ဆိုသည့်အချက်နှင့် ပတ်သက်နေပါကြောင်း၊ မိမိတို့ကုမ္ပဏီတည်ထောင်ခဲ့စဉ်က 9-2-4 ကိုသတ်မှတ်ထားသော်လည်း သင်းဖွဲ့မှတ်တမ်းစာအုပ်အရဆိုလျှင် Share (၂၀၀၀) စု ပိုင်ဆိုင်သူ မည်သူမဆို ဒါရိုက်တာဖြစ်ခွင့်ရှိနေကြောင်း၊ အကယ်၍ ဆရာကြီး ဦးဝင်းသင် ပြောသကဲ့သို့ နောင်တချိန်တွင် မိမိတို့ MTI သည် Fully Public သို့သွားမည်ဆိုပါက ရေရှည်တွင် ယခုကဲ့သို့ မကန့်သတ်သင့်ကြောင်း၊ ၎င်းကိစ္စကိုလည်း ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားခဲ့ပါသည်။

ဦးဇော်မင်းဦး မှ ပြောကြားရာတွင် မိမိ၏ အမြင်အရ MTI ၏တန်ဘိုးမှာ အနည်းဆုံး 5 Times လောက်တော့ရှိနေပြီဖြစ်ကြောင်း၊ သို့ရာတွင် Third Party နဲ့ တွက်ချက်ရမှာ ဖြစ်ပြီး အကယ်၍ 4th Operator တွင် ရင်းနှီးမြှုပ်နှံခွင့်ရပြီဆိုပါက Value ထပ်တက်မှာပဲဖြစ်ကြောင်း၊ Share ထပ်မခေါ်ခင်တော့ Value

ကိုအသေအချာ တွက်ချက်ရမှာဖြစ်ပြီး ယခုအစည်းအဝေးမှာ အဓိက Share Raise လုပ်မည့်ကိစ္စဖြစ်ပြီး၊ အပြင်လူများ ပါဝင် လာပါက ဒါရိုက်တာဖြစ်ခွင့်ဆိုသည့်ကိစ္စပါ စဉ်းစားရတော့မှာဖြစ်သည့် အတွက်ထည့်သွင်း ဆွေးနွေးရခြင်း ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

4th Operator တွင်ပါဝင်ခွင့်ရရှိရန် MTI မှ (၃) ဘီလီယံကျပ် ထည့်ဝင်ရမည်ဖြစ်ပြီး၊ ငွေမထည့်နိုင်ပါက ပါဝင်ခွင့်ရမည်မဟုတ်ကြောင်း၊ ဒါကြောင့် MTI ၏ Main Share ကို Raise လုပ်ရမည် ဖြစ်ပြီး ကိုမောင်စိန် ပြောခဲ့သလို ငွေမထည့်ရဘဲ Project တွေမှာ Free Share ရနိုင်မည့်အနေအထားမျိုး၊ MTI ၏ လုပ်ပိုင်ခွင့်အရ ပိုက်ဆံထည့်နိုင်သောသူနှင့် ညှိနှိုင်းပြီးလုပ်ကိုင်နိုင်ရန် ကြိုးစားခဲ့ပါကြောင်း၊ သီလဝါ Share များတက်နေတာကြောင့် ရောင်းထုတ်ရန် Idea များလည်းရှိခဲ့ပြီး သီလဝါ ရဲ့ Future ကိုမြင်တာကြောင့် မိမိတို့ အနေဖြင့် စွန့်စွန့်စားစားလုပ်ခဲ့ရကြောင်း၊ ယခုအချိန်မှာ သီလဝါ နဲ့ ပတ်သက်သည့် IT လုပ်ငန်းများရှိလာ ပြီဖြစ်ပြီး၊ ဤကဲ့သို့ပင် Telecom Operator လုပ်ငန်းဟာဆိုရင်လည်း Share ထည့်လိုက်သည်နှင့် Running Seat ရနိုင်မှာ မဟုတ်သေးကြောင်း၊ အများကြီးဆက်လက် "အား" ထည့်လုပ်ဆောင်ရအုံးမည်ဖြစ်ကြောင်း၊ တစ်ခု အထင်မမှားစေချင်သည်မှာ ယခု မိမိတို့ကုမ္ပဏီ၌ (၃) ဘီလီယံကျပ် ပိုင်ဆိုင်ထားပြီး နောက်ထပ် (၃) ဘီလီယံကျပ် ထပ်ထည့်လိုက်ခြင်းကြောင့် ကျွန်တော်တို့ကုမ္ပဏီရဲ့ ၅၀% ထုတ်ပေးလိုက်ရတယ်ဆိုတဲ့ သဘောမျိုးမဟုတ်ကြောင်း၊ မိမိတို့ ယခုပိုင်ဆိုင်ထားသော (၃) ဘီလီယံ အား Value လုပ်လိုက်ပါက (၅) ဘီလီယံ သို့မဟုတ် (၁၀) ဘီလီယံ ဖြစ်နိုင်ကြောင်း၊ Calculation လုပ်နေတဲ့အချိန်မှာ လိုအပ်သော ငွေထည့်လာတဲ့အခါ မိမိတို့ပိုင်ဆိုင်မှုရဲ့ ဘယ်လောက် % ဆိုတာဟာ Calculation ပေါ်မှာသာမူတည်ပြီး အဲဒီအချိန်တွင် မိမိတို့ သဘောတူတဲ့ Share Amount ကိုသာ ဘယ်လိုပုံစံဖြင့် ထုတ်ရောင်းမလဲဆိုသည်မှာ အရေးကြီးကြောင်း၊ မိမိတို့ အနေဖြင့် အပြင်သို့ချပြသည့်အခါတွင် ကောင်းမွန်သည့် Profile ဖြစ်ရန် အရေးကြီးပါကြောင်းပြောကြားခဲ့ပါသည်။

ဦးမင်းဦး မှ Public Company များတွင် Ordinary Share နှင့် Preference Share ဟူ၍ (၂) မျိုးရှိကြောင်း၊ Preference Share ရဲ့ သဘောမှာ ကုမ္ပဏီမှ ရှုံးသည်ဖြစ်စေ၊ မြတ်သည်ဖြစ်စေ၊ ဥပမာ- အမြတ် (Dividend) ၁၀% ပဲရမယ်ဆိုရင် အမြဲတမ်း ၁၀% ပဲရကြောင်း၊ Ordinary Share ကတော့ အမြတ်ဝေစု ခွဲဝေသည့်အခါတွင် အမြတ်ရလျှင် ရသလို၊ ရှုံးလျှင် ရှုံးသလိုရရှိမှာ ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဆရာကြီး ဦးဝင်းသင်နှင့် ဆွေးနွေးသည့်အခါ တစ်ချိန်တွင် မိမိတို့ကုမ္ပဏီသည် Public သို့သွားမည်ဆိုပါက ခွဲခြားထားခြင်းသည် Discriminate လုပ်ခြင်းဖြစ်ကြောင်း၊ Corporation Governance နှင့်မကိုက်ညီကြောင်း၊ ထို့ကြောင့် ဆရာကြီး၏ အယူအဆအရဆိုပါက ယခုသင်းဖွဲ့စည်းမျဉ်းတွင် ပါဝင်သည့်အတိုင်းဆိုလျှင် Corporate Governance နှင့်ညီညွတ်နေပါကြောင်း ပြောကြားခဲ့ပါသည်။

တက်ရောက်လာသူများထဲမှ ဦးခိုင်ဝင်း မှ ပြန်လည်ဆွေးနွေးရာတွင် အလုပ်လုပ်သည် ဆိုသည်မှာ အမြတ်အစွန်းရရှိ၍သာ လုပ်ကိုင်ကြကြောင်း၊ ဘယ်သူ၊ ဘယ်ဒါရိုက်တာပင်လုပ်သည်ဖြစ်စေ၊ ပိုပြီးအမြတ် ရအောင် လုပ်ပေးနိုင်မည့်သူအား မိမိမှ သဘောကျပါကြောင်း၊ IT ဘဲလုပ်လုပ်၊ ရေလုပ်ငန်းဘဲ လုပ်လုပ်၊ ပဲ လုပ်ငန်းဘဲလုပ်လုပ် ပိုပြီးလုပ်နိုင်မည့်သူရောက်လာလျှင် ကြိုဆိုရမည်ဖြစ်ကြောင်း၊ မိမိသိလိုသည်မှာ ယခုအခါ

မိမိတို့ MTI အနေဖြင့် IT လုပ်ငန်းများလုပ်ကိုင်မည်ဟုရည်ရွယ်ကာ တည်ထောင်ထားခြင်းဖြစ်ခြင်းကြောင့် Operation အတွက် IT Technician, Engineer မည်မျှ ခန့်အပ်ထားပြီးဖြစ်သည်ကို သိလိုပါကြောင်းနှင့် ဒါရိုက်တာများအနေနှင့် Operation လုပ်ကိုင်ရန်မှာ မဖြစ်နိုင်ကြောင်း၊ လုပ်ငန်းများလုပ်ကိုင်ဆောင် ရွက်တော့မည်ဆိုပါက Operation အတွက် လိုအပ်သော အဖွဲ့အစည်းရှိရမည်ဖြစ်ပြီး၊ မိမိ၏ သဘောအရ ဆိုလျှင် သူများထံတွင် သွားရောက်ရင်းနှီးမြှုပ်နှံ ထားသည်နှင့်စာပါက ကိုယ်တိုင်အလုပ်လုပ်ပြီး အမြတ် အစွန်းရသည်ကို ပိုပြီးသဘောကျပါကြောင်း၊ ယခုအစည်းအဝေးနှင့် မဆိုင်သော်လည်း မိမိမှ သိချင်၍ မေး မြန်းခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဦးအောင်စိုးသာ မှ ပြန်လည်ဖြေ ကြားရာတွင် မိမိတို့ MTI ၌ BOD အဖွဲ့ပြီးလျှင် ပထမဦးဆုံး တာဝန်ရှိသူမှာ မိမိဖြစ်ပြီး မိမိနှင့်အတူ Finance Director အဖြစ် ဦးမင်းဦး မှတာဝန်ယူထားပါကြောင်း၊ အခြားသောဒါရိုက်တာများမှလည်း Project များအလိုက်တာဝန်ယူပြီး လုပ်ကိုင်နေကြောင်း၊ ကျွန်တော်တို့ MTI အနေဖြင့် တည်ထောင်စဉ်အချိန် ကတည်းက Investment ကို ပိုပြီးစဉ်းစားပါကြောင်း၊ သီလဝါတွင် ပါဝင်ရာမှာလည်း Investment အနေဖြင့် ပါဝင်ခဲ့ခြင်းဖြစ်ပြီး၊ ဖုန်းပိုက်ဆံလုပ်ငန်းတွင် သီးသန့် MPSS ကုမ္ပဏီတည်ထောင်ပြီး လုပ်ကိုင်ခဲ့ပါကြောင်း၊ သူ့တွင် သီးသန့် Technician များနှင့် Run နေသော Team ရှိပြီးသားဖြစ်ပါကြောင်း၊ ကျွန်တော်တို့ MTI အနေနှင့် Technical Team မျိုးထားရန်မလိုအပ်ကြောင်း၊ Operation ကိုဆင်း၍လုပ်ရန် အစကတည်းက မရည်ရွယ်ခဲ့ကြောင်း၊ MTI အနေဖြင့် Investment လုပ်မည်၊ ဖြစ်နိုင်ရင် Board Seat တွင်ပါဝင်နိုင်ရန်ကြိုးစားမည်၊ အမှန်တကယ် Run ဖို့လိုအပ်လာရင်လျှင် Subsidiary ဖွဲ့ပြီး၊ မိမိတို့ဒါရိုက်တာအဖွဲ့ထဲမှ တာဝန်ခွဲ၍ ဦးစီးပြီးလုပ်ကိုင်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့ အနေဖြင့် ပြင်ပမှ CEO ခန့်ထားရန်လည်း စဉ်းစားခဲ့ပါကြောင်း၊ သို့ရာတွင် မိမိတို့ MTI နှင့် သင့်တော်မည့်သူ မတွေ့သေးကြောင်း၊ တချို့လည်း High Profile ဖြင့် ဒေါ်လာ ၈,၀၀၀၊ ၁၀,၀၀၀ တောင်းသူ များလည်းရှိကြောင်း၊ ကျွန်တော်တို့ထက် ပိုပြီး တော်တဲ့သူများအား တွေ့သော်လည်းပဲ အခုထိ ခန့်အပ်ရန် အဆင်မပြေသေးပါကြောင်း၊ ဆက်လက်ပြီးတော့လဲ ရှာဖွေလျှက်ရှိပါကြောင်း၊ Project Director ကို လည်းရှာဖွေလျှက်ရှိပါကြောင်း၊ ယခုတက်ရောက်လာသူများမှလည်း အကြံပေးကြစေလိုကြောင်း၊ သင့်တော် မည့်သူရှိပါက ပြောကြားစေလိုကြောင်း၊ ကျွန်တော်တို့အနေဖြင့်လည်း လစာအနေအထား သတ်မှတ် ထားပေမယ့်၊ ယခုအချိန်အထိ လစာထုတ်ယူခြင်းမရှိသေးကြောင်း၊ BOD အားလုံးမှာလည်း Paid မဟုတ်ဘဲ နောင်အမြတ်အစွန်းရှိမှသာ Board Bonus ပေးလိမ့်မည်ဆိုသည့် Commitment တော့ရှိကြောင်းရှင်းလင်း ပြောကြားခဲ့ပါသည်။

ဦးဇော်မင်းဦး မှ ပြောကြားရာတွင် ဒီကနေ့ Meeting ၏ Focus မှာ Share (၅) ဘီလီယံလိုအပ်နေပြီး ၄င်း Share အား မိမိတို့ Founding Member များအား ဦးစားပေးခေါ်ယူမှာဖြစ်ကြောင်း လိုအပ်ပါက အပြင်သို့ပါ Share ခေါ်ရမည်ဖြစ်ပြီး 4th Operator တွင်ပါဝင်ခွင့်ရရန်မှာ ဖုန်းပိုက်ဆံ ၆၆၃ ကဲ့သို့ခွဲထွက်ပြီး လုပ်၍ မရကြောင်း၊ Public Company အနေဖြင့်သာ ထည့်ဝင်ရမည်ဖြစ်ကြောင်း၊ Share Value တွက်ရန်မှာ Third Party နှင့်တွက်ချက်ရမည်ဖြစ်ပြီး အနည်းဆုံး USD ၂၀,၀၀၀ (သို့မဟုတ်) ၃၀,၀၀၀

သုံးရမည်ဖြစ်ကြောင်း၊ ဒါကြောင့်လည်း ယခုတက်ရောက်သူများရဲ့ သဘောတူညီချက် ရယူပြီးမှသာ တွက်ချက်မှ သင့်တော်မည်ဖြစ်ကြောင်း ပြောကြားသွားခဲ့ပါသည်။

ဒေါက်တာမျိုးနိုင် မှ ဆွေးနွေးရာတွင် 4th Operator တွင်ပါဝင်ရန် သဘောတူပါကြောင်း၊ သီလဝါ တွင် IT လုပ်ငန်းများလုပ်ကိုင်ရန်အတွက် မည်သည့်လုပ်ငန်းများ ဖြစ်သည်ကိုဖော်ပြပေးရန် လိုအပ်ကြောင်း၊ နောက်တစ်ခုအနေဖြင့် 9-2-4 ကိစ္စမှာ မိမိတို့သည် IT အုပ်စုဖြစ်သည့်အတွက် လုပ်ငန်းစတင်လုပ်ဆောင်စဉ် ကတဲက သေးငယ်သည့်အတွက် သူများဝါးမြိုခြင်း မခံရစေရန် အချိန်အတိုင်းအတာ တစ်ခုအထိ ဆက်လက်၍ Protect လုပ်ထားရန်လိုအပ်ကြောင်း၊ မိမိတို့သည် Knowledge ကို Invest လုပ်ထားတာဖြစ်ပြီး၊ Money Invest လုပ်ထားသောသူများက ဝါးမြိုသွားခဲ့ပါက လွန်ခဲ့သော ၂ နှစ်ကျော်ကာလ လူရော၊ စိတ်ရော အပင်ပန်းခံ၍လုပ်ခဲ့သည်များမှာ အဟောသိကံ ဖြစ်သွားနိုင်ကြောင်း၊ မိမိအနေဖြင့် အစကနဦး ကတည်းက (၂၀၀၀)စု ဝယ်ယူထားပြီး၊ အခုမှ (၂၀၀၀)စု ပိုင်ဆိုင်သူနှင့် တန်းတူပဲဆိုရင်တော့၊ မိမိတို့အနေဖြင့် ဘာများရခဲ့မလဲဆိုတာ စဉ်းစားရမှာဖြစ်ကြောင်း၊ လက်တွေ့ အနေဖြင့် ပြောရလျှင် မိမိ၏ ရုံးမှဝန်ထမ်းများ သီလဝါ Share အားဝယ်ယူထားခဲ့ပြီး၊ ယခု အနည်းဆုံး ၃.၆ ဖြင့် ရောင်းချခဲ့ကြောင်း၊ ၎င်းတို့မှ မိမိအား MTI တွင် (၂၀၀၀) စု ဝယ်ယူထားခဲ့သည်မှာ မည်မျှအကျိုးအမြတ် ရရှိနေပြီလဲ ဟု မေးမြန်းခဲ့ကြောင်း၊ ဒါကြောင့် မိမိတို့ MTI ၏ Share Value အားသတ်မှတ်ရန် လိုအပ်နေပြီဖြစ်ပြီး မိမိ အဓိကပြောချင်သည်မှာ အချက် (၃) ချက်ပဲဖြစ်ကြောင်း ၁။ Share Value အားသိချင်ပါကြောင်း ၂။ 4th Operator တွင်ပါဝင်ရန် သဘောတူကြောင်းနှင့်၊ ၃။ 9-2-4 ကိုမပြင်ချင်ပါကြောင်း စသည်ဖြင့် ပြောကြားသွားခဲ့ပါသည်။

ဦးဇော်မင်းဦး မှ ပြန်လည်ရှင်းလင်းရာတွင် ယခုဆွေးနွေးနေသည့်ကိစ္စရပ်အား Case by Case ဖြတ်ရန်လိုကြောင်း၊ ပထမဦးဆုံး **4th Operator အတွက် (၃) ဘီလီယံကျပ် ထည့်ဝင်ရန် သဘောတူပါသလား ဟု တက်ရောက်လာသူများအား မေးမြန်းရာ အများစုမှ သဘောတူကြောင်း လက်ထောင် ၍ Vote ခဲ့ကြပါသည်။**

၎င်းနောက် ဆရာကြီး ဦးဝင်းသင်မှ Valuation ကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် Value ဟုပြောမည်ဆိုလျှင် Very Subjective ဖြစ်ကြောင်း၊ Value တွက်ချက်ရာတွင် အချက်အလက်များအပေါ် အခြေခံ၍တွက်ရကြောင်း၊ တစ်ရက်နှင့် တစ်ရက်လည်း မတူနိုင်ကြောင်း၊ ဥပမာ- ၆၆၃ ဖုန်း ပိုက်ဆံဆိုလျှင် အများလက်ခံသည် ဆိုပါက တန်ဘိုးတက်နေမှာဖြစ်ကြောင်း၊ Valuation တွင်နည်းလမ်း အမျိုးမျိုးရှိကြောင်း၊ သို့သော်လည်း Absolute Point of Time ဖြစ်ပြီး နေ့ရှိသရွေ့ပြောင်းလဲနိုင်ကြောင်း၊ အောင်မြင်တာရှိသလို၊ မအောင်မြင်တာလည်း ရှိနိုင်ကြောင်း၊ Rights Issue ဆိုသည်မှာ လက်ရှိအစုရှယ်ယာရှင်များသို့ အခွင့်အရေး မဆုံးရှုံးရအောင် ဦးစွာ Offer လုပ်ရမည်ဖြစ်ကြောင်း၊ ပုဒ်မ ၁၀၅(ဂ) အရဖြစ်ပြီး၊ ဤသို့ ဦးစားပေးသည့်အခါ တွင် International Pratise အရ ကိုယ့်လူရင်းကိုပေးခြင်းဖြစ်သည့်အတွက် သက်သာသည့် နှုန်းဖြင့် ပေးနိုင်ကြောင်း၊ အပြင်သို့ ခေါ်မည်ဆိုပါက Valuation မှ ရသည့်တန်ဘိုးအတိုင်း ခေါ်သင့်ကြောင်း၊ ဘယ်လောက်သက်သာသည့်စျေးနှုန်းဖြင့် ပေးရမည်ကို သတ်မှတ်ထားတာမရှိပါကြောင်း၊ သို့သော်လည်းပဲ Discount ပေးလို့တော့ မရနိုင်ကြောင်း၊ ကုမ္ပဏီ Act အရ တားထားကြောင်း၊ ဒါကြောင့် Premium

ပေး၍မရနိုင်ကြောင်း၊ ကုမ္ပဏီ၏ Image ကိုလုပ်ဆောင်ဖြစ်လို့ တကယ်တန်တဲ့ တန်ဘိုးအား Market ကသာ ဆုံးဖြတ်မည်ဖြစ်ကြောင်း၊ အားလုံးကိုမျှတအောင်ချိန်ဆပြီးတော့ လုပ်သင့်ပါကြောင်းပြောကြားသွားခဲ့ပါသည်။

ဦးအောင်အောင် မှ ပြောကြားရာတွင် ယခင်က တွက်ချက်ထားခဲ့သည်မှာ (၁.၉) ဆ ဖြစ်သည့် ၁၉,၀၀၀ မှာ အချိန်တစ်နှစ်ကျော်ကြာပြီဖြစ်သည့်အတွက် ယခုပြန်၍တွက်ချက်ရန်လိုအပ်ကြောင်း၊ ဆရာကြီး ဦးဝင်းသင်နှင့်ပင်ထပ်မံ တွက်ချက်ရန် မိမိမှအဆိုပြုပါကြောင်း၊ ဆရာကြီးတို့မှ Discount လဲပေးလေ့ရှိသဖြင့် သက်သက်သာသာနှင့် ရမည်ဟုယုံကြည်ပါကြောင်း၊ ၎င်းအပြင် ဆရာကြီး ပြောခဲ့သလို ပဲ Rights Issue အား ၅၀% ထက်မကျော်သောပမာဏတစ်ခု BOD မှ သတ်မှတ်သင့်ကြောင်း၊ ကနဦး တည်ထောင်သူများအားလုံး ဝယ်ယူစေလိုကြောင်းနှင့် မဝယ်ပါက မိမိတို့လက်ရှိ Share များ Devalue ဖြစ်သွားနိုင်ကြောင်း၊ အကယ်၍ မဝယ်ယူဘဲ ကျန်ရှိနေသော Share အရေအတွက်အား ဆရာကြီး ဦးဝင်းသင်တို့ သတ်မှတ်ပေးသော ဈေးနှုန်းဖြင့် အပြင်သို့ ထုတ်ရောင်းမည်ဖြစ်ကြောင်း အကြံပေးဆွေးနွေးခဲ့ပါသည်။

ဦးမင်းဦး မှ ရှင်းလင်းပြောကြားရာတွင် Rights Issue ခေါ်ယူစဉ်အချိန်က တည်ထောင်သူများ အားလုံးထံသို့ Third Party မှတွက်ချက် ပေးထားသည့် Share တန်ဘိုးမှာ ၁၉,၀၀၀ ကျပ် တန်ကြောင်း၊ သို့သော် နဂိုမူလဈေးရင်းအတိုင်း ၁၀,၀၀၀/- ကျပ်ဖြင့် ရောင်းချပါမည်ဟု အားလုံးထံသို့ အသိပေး အကြောင်း ကြားခဲ့ကြောင်း၊ သို့သော်လည်း တည်ထောင်သူများအားလုံးမှ မဝယ်ယူခဲ့ပါကြောင်း၊ ယခုလိုအပ်နေသော 4th Operator အတွက် (၃) ဘီလီယံကျပ်မှာ မဖြစ်မနေထည့်ဝင်ရမည်ဖြစ်ပြီး မိမိတို့ အားလုံးညီညွတ်ရန် အရေးကြီးကြောင်း၊ တနည်းဆိုရလျှင် မိမိတို့မှာထင်းချောင်းတစ်ချောင်းစီပေါင်းစည်းထားသော ထင်းစည်းကြီး ဖြစ်ပြီး ဤထင်းစည်းကြီးအား တန်ဘိုးထားသော တခြားသူအား ပြပြီး Share ရောင်းရမည်ဖြစ်ကြောင်း၊ ထိုသို့ရောင်းရာတွင် ၁၉,၀၀၀ ထက်မြင့်သည့်တန်ဘိုးဖြင့် ရောင်းချမှာဖြစ်ကြောင်း၊ သို့ပါ၍ ယနေ့ EGM ခေါ်ယူသည့်အကြောင်းအရင်းမှာ Third Party ဖြစ်သည့် သူတစ်ဦးနှင့် ထပ်မံတွက်ချက်ခိုင်းရမည် ဖြစ်ပြီး တွက်ချက်၍ရသော တန်ဘိုးဖြင့်ရောင်းချမည်ဖြစ်ကြောင်း၊ ရှင်းလင်းပြောကြားခဲ့ပါသည်။

ဦးအောင်စိုးသာ မှ သီလဝါ SEZ ကိစ္စအားထပ်မံရှင်းလင်းရာတွင် ယခုအချိန်ထိ Share ပဲထည့်ထား ခြင်းဖြစ်ကြောင်း၊ ၎င်း Share မှာလဲ ယနေ့အချိန်မှာ ၃.၅ မှ ၄.၀ အထိမြင့်တက်လျက်ရှိကြောင်း၊ သီလဝါတွင် မိမိတို့ MTI မှ ၅% ပိုင်ဆိုင်ခြင်းဖြစ်ပြီး (Founding Share) Board Seat တစ်နေရာရကြောင်း၊ ထပ်မံ၍ သီလဝါနှင့်ဂျပန်ပူးပေါင်းသော Joint Venture ကုမ္ပဏီတွင် BOD (၄) ဦး ထပ်မံရွေးချယ်ရာ၌ မိမိမှာ MTI ကိုယ်စားပြုပြီး BOD ထပ်မံဖြစ်ပါကြောင်း၊ ယခုအခါ မြန်မာဘက်အခြမ်းမှပြုလုပ်မည့် Residential and Commercial (R&C) Area တွင်လုပ်ငန်းများ စတင်နေပြီဖြစ်ကြောင်း၊ ၎င်း R&C Area တွင် ICT နှင့်ပတ်သက်သော လုပ်ငန်းရပ်များအား IT ကိုယ်စားပြုဖွဲ့စည်းထားသည့် မိမိတို့ MTI မှ ဦးစီး၍လုပ်ကိုင်ရန် အဆိုပြုလွှာတင်ပြထားရာတွင် အကြမ်းဖျဉ်းသဘောတူညီမှုရရှိထားပါကြောင်း၊ သို့သော်လည်း သီလဝါ ၏ BOD ထဲတွင် ဆရာကြီးဒေါက်တာအောင်ထွန်းသက် ကဲ့သို့သော ပုဂ္ဂိုလ်များပါဝင်ပါကြောင်း၊ ထို့ကြောင့် Tender မခေါ်ပဲ လုပ်ငန်းတိုက်ရိုက်ရဖို့ ကိစ္စမှာ တော်တော်များများ ဆွေးနွေးရပါကြောင်း၊ "အား" ထည့်လုပ်ဆောင်ရန် လိုအပ်နေသေးကြောင်း၊ ကျွန်တော်များ MTI နှင့်ပတ်သက်၍ ICT နှင့်ကတ်သက်သော

အလုပ်များပေးမည်ဆိုသည့် Confirmation ရထားပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် ကျွန်တော်တို့ IT အတွက် အလုပ်ဆက်လက်လုပ်ကိုင်မည်ဆိုပါက ငွေ ထပ်ထည့်ရန်လိုအပ်ကြောင်း၊ Proposal တွင် MTI မှ ICT နှင့် ပတ်သက်သည်များကို Joint Operate လုပ်မည်ဟုရည်မှန်းထားကြောင်း၊ (၂) ဘီလီယံကျပ် ဆိုသည်မှာ Project တန်ဘိုးမဟုတ်ပဘဲ အစပိုင်း Initiate လုပ်ပြီး Partner, Consultant များ စတင်ခေါ်ယူသည့် အနေအထားလောက်သာဖြစ်ကြောင်း တကယ့် Project တန်ဘိုးမှာ USD 40 (သို့မဟုတ်) 50 မီလီယံ ကျော်ရှိပါကြောင်း၊ ဥပမာ- Fiber ဆွဲမည်ဆိုလျှင် မိမိတို့ IT အဖွဲ့ထဲမှလုပ်နိုင်မည့်သူနှင့် MTI ပူပေါင်း လုပ်ဆောင်မည်ဖြစ်ကြောင်း၊ Data Center ဟုပြောလျှင် MTI မှ ဦးဆောင်ပြီး Data Center လုပ်ဆောင် နိုင်မည့် Third Party ကုမ္ပဏီအား အပြင်မှ ခေါ်ပေးတာမျိုးဖြစ်နိုင်ကြောင်း၊ စသည်တို့အားစတင် လုပ်ဆောင်ရန် Initial Project Capital သဘောမျိုးဖြင့် (၂) ဘီလီယံကျပ် ဟုပြောခြင်းဖြစ်ကြောင်း၊ ဆရာ Dr.Myo Naing မေးထားသည့် MTI မှ သီလဝါတွင်မည်သည့် အလုပ်ရပြီလဲ? ဆိုသည့် မေးခွန်းအား ရှင်းပြ ခြင်း ဖြစ်ကြောင်း၊ ယခုလက်ရှိ MTI ၏ Capital မှာ ဒီအတိုင်းဆက်သွားပါက လုပ်ငန်းများဆက်လက် လုပ်ကိုင်ရန်မရနိုင်ကြောင်း၊ သို့ပါ၍ ငွေထည့်ရန်လိုအပ်နေပြီဖြစ်ကြောင်း ပြောကြားသွားခဲ့ပါသည်။

ဦးအောင်ကျော်မိုး မှ ပြောကြားရာတွင် ကျွန်တော်အနေဖြင့် နားလည်သလောက်ပြောရရင် Value ဆိုသည်မှာ Trade တွင် အရောင်းအဝယ်ဖြစ်သည့်ဈေးနှုန်း ကသာလျှင်အတည်ဖြစ်ကြောင်း၊ ကျွန်တော် အနေဖြင့် မည်၍ မည်မျှ သတ်မှတ်ပါစေ အရောင်းအဝယ်ဖြစ်မည့်ဈေးသည်သာ Value ဖြစ်ပါကြောင်း၊ မိမိတို့ MTI Share အားတခြားသူများသို့ ရောင်းချမည်ဆိုပါက မရောင်းချခင်တွင် လက်ရှိမိမိတို့ Founder များအား Share Premium တစ်ခု ထုတ်ပေးသင့်ကြောင်း၊ ယခုအချိန်တွင် MTI သည် Founding Share ထုတ်ခဲ့ပြီးဖြစ်ကြောင်း၊ Rights Issue လည်း တစ်ကြိမ်လုပ်ခဲ့ပြီဖြစ်ကြောင်း၊ ယခုထပ်မံ၍ Share ခေါ်မည်ကို လက်ခံပါကြောင်း၊ သို့သော်လည်း Share ထပ်မခေါ်မီ လက်ရှိတွင်ရှိထားပြီးသော Founding Share များအား Premium တစ်ခုပြုလုပ်ထားပေးစေလိုကြောင်း၊ (၃) ဘီလီယံ (သို့မဟုတ်) (၅)ဘီလီယံ ကြိုက်သလောက် ခေါ်နိုင်ပါကြောင်း၊ မိမိတို့၏ Share များ Dilute ပဲဖြစ်ဖြစ်၊ သုညပဲဖြစ်ဖြစ် အရေးမကြီးပါကြောင်း၊ အရေးကြီး သည်မှာ မိမိ၏ ယခုအထိ (၂၀၀၀) စု ဝယ်ယူထားသည့်အပေါ်တွင် နောက်ထပ် Preminun (၄၀၀၀) သို့မဟုတ် (၅၀၀၀) ထပ်ပေးနိုင်မလား? မိမိတို့လက်ရှိ Value အား Appreciate လုပ်ပေးသည့် သဘောဖြစ်ကြောင်း၊ မိမိတို့ MTI သည် ယခုအချိန်အထိ Assets မရှိသေးကြောင်း၊ အားလုံးသည် Share များသာဖြစ်ပြီး Share ၏သဘောမှာ Policy တစ်ခုပြောင်းခဲ့လျှင် ချက်ချင်းပြုတ်ကျသွားနိုင်ကြောင်း၊ Share Value အားတွက်ချက်ပြီး အရမ်းပျော်၍မရကြောင်း၊ မိမိဆိုလိုသည့် Short to the Point ကတော့ ကျွန်တော်တို့အား နိုင်မာသည့် Premium Share တစ်ခုထပ်ထုတ်ပေးစေလိုကြောင်း၊ ပြီးလျှင်လိုအပ်သလို ရောင်းချစေလိုကြောင်း ပြောကြားခဲ့ပါသည်။

ဆရာကြီး ဦးဝင်းသင် မှ ရှင်းပြရာတွင် Premium Share ဟုဆိုလိုသည်မှာနားမရှင်းကြောင်း၊ Bonus Share သဘောမျိုးဟုယူဆပါကြောင်း၊ ၎င်း Bonus Share မှာ ဥပဒေအရ အလွယ်တကူထုတ်၍ မရပဲ ခွဲဝေနိုင်သည့်အမြတ်ရှိပါမှ ထုတ်၍ရကြောင်း၊ Dividend ဆိုသည်မှာ အမြတ်ရှိမှသာပေး၍ ရကြောင်း၊ Bonus Share သည်လည်းအမြတ်ရှိပါမှသာပေး၍ရကြောင်း၊ အမြတ်ကလည်း တကယ့်ကို လက်ထဲမှာ ငွေရပြီးမှသာ

ပေးလို့ရမည်ဖြစ်ပြီး၊ ဤသို့ မဟုတ်ပါက Audit Report တွင်နှစ်စဉ်ပါနေမှာ ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။ ၎င်းအပြင် ဆရာကြီး ဦးဝင်းသင်မှ အပြင်လူအား Freely ထုတ်ရောင်းလျှင် ရတဲ့အပိုင်းလဲ ရပါကြောင်း၊ Primary Market အနေဖြင့် ကုမ္ပဏီမှ ရောင်းချတာမျိုးလည်း ဖြစ်နိုင်ကြောင်း၊ ဟိုတစ်နေ့ကပဲ ဒုဝန်ကြီး ဒေါက်တာမောင်မောင်သိန်း ပြောကြားခဲ့သေးကြောင်း၊ Company သည် Listed ဖြစ်တယ်ဆိုရင်တော့ Stock Exchange နဲ့သွားရမည်ဖြစ်ပြီး Listed မဟုတ်သေးပါက 1st Issue ( Company Direct Issue) အနေဖြင့် ကုမ္ပဏီမှ ကိုယ့်ဘာသာရောင်း၍ရပါကြောင်း၊ 1st Direct Sale သည်လည်း Section – 35, Security Law အရ ကော်မရှင်သို့ မည်သည့်နည်းဖြင့်လုပ်ဆောင်ရမည်ဆိုသည်ကို တင်ရမည် ဖြစ်ကြောင်း၊ Prospectus လည်းပဲ ပါရမှာဖြစ်ကြောင်းပြောကြားသွားခဲ့ပါသည်။

ဦးသောင်းစုငြိမ်း မှ ဦးဇော်မင်းဦး ပြောခဲ့သည့် ဒုတိယတစ်ခုဖြစ်သော သီလဝါအတွက် အပြင်မှ Share ရာလျှင် ရကောင်းရနိုင်ကြောင်း၊ ပထမတစ်ခုဖြစ်သည့် 4th Operator ကိစ္စကတော့ MTI အနေဖြင့်ပင် ပြုလုပ်ရမည်ဖြစ်ကြောင်း၊ ဆရာကြီးဦးဝင်းသင် ပြောကြားခဲ့သည့်အတိုင်း အပြင်သို့ခေါ်ရန်မှာလည်း Prospectus ရေးရန်လိုအပ်ပြီး Stock Exchange ဖြင့် သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လောလောဆယ် မလွယ်ကူသေးကြောင်း၊ သို့ပါ၍ မိမိတို့ MTI အတွင်းထဲမှာပင် (၅) ဘီလီယံ ရရှိနိုင်မည်လား ဆိုသည်မှာ အရေးကြီးပါကြောင်း ပြောကြားခဲ့ပါသည်။

ဦးအောင်အောင်နှင့် ဦးဇော်မင်းဦးတို့မှ ယခုမိမိတို့ဆွေးနွေးခဲ့သည်များအား ပြန်၍ Repeat လုပ်ရမည် ဆိုလျှင် ၁။ ဆရာကြီး ဦးဝင်းသင်တို့ နှင့် Valuation တွက်ပြီး၊ Right Issue ထပ်ခေါ်ရမည် ဖြစ်ကြောင်း၊ မိမိတို့ထဲမှ အားလုံးထည့်ပြီးနောက် ကျန်ရှိနေသေးသော ပိုနေသည့် Share များအား အပြင် ကုမ္ပဏီကြီးတချို့သို့ ရောင်းချရမည်ဖြစ်ပြီး ရောင်းချရာတွင် Rights Issue ထက်ပိုတဲ့ဈေးဖြင့် ရောင်းချရမည် ဖြစ်ကြောင်း၊ မိမိတို့ MTI အချင်းချင်းထဲကသာ ဝယ်ယူ၍ ပြည့်သွားလျှင် ပို၍အဆင်ပြေနိုင်ပြီး မပြည့်ပါက နီးစပ်ရာကိုသာ Pitching လုပ်၍ရောင်းရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

၎င်းအပြင် ဆရာကြီး ဦးဝင်းသင်မှ ယင်းသို့ခေါ်ရာတွင် Prospectus Section (93) ၌ "Very Subtle Way" အနေဖြင့် ခွင့်ပြုထားကြောင်း၊ Rights Issue ထည့်ဝင်လို့ရတဲ့ သူများသည် မိမိအခွင့်အရေးအား စွန့်လွှတ်ပြီး Third Party သို့ပေး၍ ဝယ်စေနိုင်ကြောင်း၊ ဤကဲ့သို့လုပ်ခြင်းအားဖြင့် OTC လည်းမသွားဘဲ၊ ကိုယ့်အသိုင်းအဝန်း ကိုယ့်အုပ်စုထဲ၌ပင် ရှိနေမှာဖြစ်လို့ ဖိတ်ခြင်းဖိတ်ကိုယ့်အိတ်ထဲဖိတ် ဆိုတဲ့သဘော ဖြစ်ကြောင်း၊ Shareholder မဟုတ်ပေမယ့်လည်း နီးစပ်သောသူအားပြန်လည်ရောင်းချသည့် သဘောမျိုးဖြစ် ကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။

တက်ရောက်သူများထဲမှ ဒေါ်ယဉ်မင်းဦးမှ ဆွေးနွေးရာတွင်၊ လုပ်ငန်းလုပ်ကိုင်သည် ဆိုသည်မှာ လုံလောက်သောငွေကြေးရှိမှသာအဆင်ပြေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပထမဦးဆုံးဆွေးနွေးခဲ့သော အစုရှယ်ယာ (၂၀၀၀) စု ပိုင်ဆိုင်သူသာ BOD ရွေးချယ်ခွင့်ရှိကြောင်း ဆိုတဲ့အချက်ကို ဦးစွာစဉ်းစားဆုံးဖြတ်ကြ ရမည်ဖြစ်ကြောင်း၊ ဒါမှသာလျှင် နောက်ပိုင်းဝင်ရောက်လာမည့် ရှယ်ယာထည့်ဝင်မည့်သူများသည်လည်း၊ ၎င်းတို့အတွက် Right တစ်ခု၊ ခု ရှိမှသာလျှင်ဝင်ရောက်လာမည်ဖြစ်ကြောင်းဆွေးနွေးခဲ့ပါသည်။

ဆရာကြီး ဦးဝင်းသင်မှ ဆက်လက်၍ရှင်းပြရာတွင် နောက်ပိုင်းဆိုပါက Per Value Concept မှာမရှိတော့ကြောင်း၊ ဩစတေးလျ၊ နယူးဇီလန်၊ စင်ကာပူ၊ နှင့် အောက်တိုဘာလမှ စ၍ ဟောင်ကောင်တို့ တွင်ဖြစ်လာနေပြီဖြစ်ကြောင်း၊ Common Stock တစ်ခုထဲထားမယ်ဆိုရင် Per Value မှာအဓိပ္ပါယ်မရှိ တော့ကြောင်း၊ ကုမ္ပဏီအနေဖြင့် အောင်မြင်လျှင် အောင်မြင်သလို တန်ဘိုးမှာတက်နေမည်ဖြစ်ကြောင်း၊ သတ်မှတ်ထားခြင်းမျိုးမဟုတ်ဘဲ အမြဲတမ်းပြောင်းလဲနေမှာဖြစ်ကြောင်း၊ နောက်ပိုင်းအစုရှယ်ယာများသည် တစ်သောင်းတန်သည့် ရှယ်ယာမှာ တစ်သောင်း မကတော့ဘဲ ၅ သောင်းလည်းဖြစ်နိုင်ကြောင်း၊ ၅ သိန်း လည်းဖြစ်နိုင်ကြောင်း ကုမ္ပဏီ၏ အခြေအနေပေါ်မူတည်၍ ဒါရိုက်တာအဖွဲ့က ဆုံးဖြတ်ပြီး ထပ်မံ Issue လုပ်နိုင်ကြောင်းပြောကြားခဲ့ပါသည်။ Shareholder ၂ ဦး တစ်သောင်းတန် Share အား အရောင်းအဝယ် လုပ်ပါက ကုမ္ပဏီထံသို့ ရောက်တာမဟုတ်ပဲ ရောင်းသူ ဝယ်သူသာလျှင် ရတာဖြစ်ကြောင်း၊ အကယ်၍ Premium ဖြင့်ရောင်းမည် (Per Value Concept ရှိနေမည်ဆိုလျှင်) ခြားနားသည့်ငွေပမာဏအား Share Premium Capital Reserve ဟုခေါ်ပြီး ငွေ ရတာမျိုးမဟုတ်ဘဲ Realised Reserve ဖြစ်တာကြောင့် အဲဒီကနေ Bonus Share ပေး၍ရကြောင်း၊ ၎င်း Premium သည် တစ်စုံတယောက်နှင့်သာ သက်ဆိုင်ခြင်းမျိုးမဟုတ်ဘဲ ရှယ်ယာရှင်အားလုံးနှင့် သက်ဆိုင်ကြောင်း၊ ဒါဟာလည်း ကုမ္ပဏီ၏ Management ဖြစ်သည့် Board of Director များ၏ လက်ထဲတွင်ရှိပြီး အကယ်၍ ကုမ္ပဏီအတွက် ထပ်မံရင်းနှီးမြှုပ်နှံရန်လိုအပ်သည်ဟု ယူဆပါက ထုတ်မပေးဘဲ နေနိုင်ပါကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။

တက်ရောက်လာသူများမှ ဦးမောင်စိန်က ဆွေးနွေးရာတွင် သီလဝါတွင်ရှိနေသော MTI ၏ ရှယ်ယာ ထက်ဝက်အားရောင်းချပြီး 4$^{th}$ Operator သို့ထည့်စေလိုကြောင်း၊ Operator ၏ တန်ဘိုးမှာ သီလဝါ၏တန်ဘိုး ထက် ပို၍များနိုင်သည်ဟု ထင်ပါကြောင်း၊ MTI သည် Investment Group ဖြစ်သည့်အတွက် စဉ်းစားစေလို ကြောင်းပြောကြားခဲ့ပါသည်။

ဦးဇော်မင်းဦးမှ ပြန်လည်ရှင်းလင်းပြောကြားရာတွင် သီလဝါရှယ်ယာအား ရောင်းချရန်မှာ အစောပိုင်း တွင် မိမိသည် ထိပ်ဆုံးမှဖြစ်ကြောင်း၊ ထက်ဝက် မဟုတ်ဘဲ အကုန်ရောင်းချင်ခဲ့ကြောင်း၊ သို့သော် လည်းပဲ သေသေချာချာ ပြန်စဉ်းစားမည်ဆိုပါက ယခုအချိန်၌ ကျွန်တော်တို့သည် သီလဝါတွင်လည်းပါဝင်ထား သည်၊ 4$^{th}$ Operator တွင်လည်း ထပ်မံပါဝင်တော့မည်ဆိုပါက ဒီ Project များအားပြီး အပြင်သို့ Value အမြင့်ဆုံးအနေအထားဖြင့် ရှယ်ယာခေါ်၍ ရနိုင်ကြောင်း၊ ယခုအချိန်သည် အကောင်းဆုံးအချိန်ဖြစ်ပါကြောင်း၊ ထို့ကြောင့် သီလဝါ၏ ရှယ်ယာအား ထုတ်မရောင်းသင့်သေးပါကြောင်း ရှင်းလင်းပြောကြားသွားပါသည်။

ဦးထင်အောင်ခိုင်မှ ယခုဆွေးနွေးခဲ့သည်များအားပြန်ကြည့်လျှင် Vote လုပ်၍ဆုံးဖြတ်ရန်လိုအပ် ကြောင်း ၊ ပထမအချက်အနေဖြင့် 9-2-4 ကိစ္စအား ဒီအတိုင်းပဲထားမလား၊ သို့မဟုတ် ပြင်ဆင်မလားဆို သည်ကို Vote လုပ်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး၊ ဦးမင်းဦးမှ Corporate Goverance နှင့်ညီသော ဆုံးဖြတ်ချက်အတိုင်း ဆက်လုပ်မည်ဆိုပါက (9-2-4 မဟုတ်တော့ပါ။) လက်ထောင်ပြရန်ပြောကြားရာ တက်ရောက်လာသူများမှ အများစုက လက်ထောင်သည့်အတွက် **လက်ရှိသင်းဖွဲ့စည်းမျဉ်းအတိုင်း ပြင်ဆင်ရန်**

မလိုဘဲ အစုရှယ်ယာ(၂၀၀၀) စုပိုင်ဆိုင်သူသည် ဒါရိုက်တာအဖြစ်ရွေးချယ်ခွင့်ရှိကြောင်း အတည်ပြုဆုံးဖြတ်ခဲ့ပါသည်။

နောက်တချက်ဖြစ်သည့် Share Raise လုပ်ရန်ကိစ္စတွင် MTI ၏ လက်ရှိ Share Valuation အား တွက်ချက်ပြီးနောက် လိုအပ်သော ရှယ်ယာအား Founding Member များသို့ ဦးစားပေး ရောင်းချမည်ဖြစ်ပြီး အကယ်၍ လိုအပ်ပါက အပြင်သို့ Share Invitation လုပ်၍ခေါ်ယူမည်ဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်ခဲ့ပါသည်။

၄င်းနောက် EGM အစည်းအဝေးကို (၁၁း၄၅) နာရီ တွင် ရုတ်သိမ်းခဲ့ပါသည်။

**<u>အစည်းအဝေးဆုံးဖြတ်ချက်များ</u>**

| စဉ် | ဆုံးဖြတ်ချက်များ | ဆောင်ရွက်ရန် |
|---|---|---|
| ၁။ | လက်ရှိသင်းဖွဲ့စည်းမျဉ်း စာအုပ်ပါ အပုဒ် (၇၆) အားပြင်ဆင်ရန် မလိုဘဲ အစုရှယ်ယာ(၂၀၀၀) စု ပိုင်ဆိုင်သူသည် ဒါရိုက်တာအဖြစ်ရွေးချယ်ခွင့်ရှိကြောင်း အတည်ပြုဆုံးဖြတ် ခဲ့ပါသည်။ | Voted (တက်ရောက်လာကြသူ အများစု) |
| ၂။ | Share Raise လုပ်ရန်ကိစ္စတွင် MTI ၏ လက်ရှိ Share Valuation အား တွက်ချက်ပြီးနောက် လိုအပ်သော ရှယ်ယာအား Founding Member များသို့ ဦးစားပေး ရောင်းချမည်ဖြစ်ပြီး အကယ်၍ လိုအပ်ပါက အပြင်သို့ Share Invitation လုပ်၍ခေါ်ယူမည်ဖြစ်ကြောင်း အတည်ပြုဆုံးဖြတ် ခဲ့ပါသည်။ | BOD များ |

<u>အစည်းအဝေးမှတ်တမ်းတင်သူ</u> | <u>အတည်ပြုသူ</u>

သူရ
Manager
MTI Corporation

ထင်အောင်နိုင်
Chairman
MTI Corporation